# မီချီဂန်ပြည်နယ် မဲပေးခွင့်မှတ်ပုံတင်လျှောက်ထားလွှာ

နှင့်

## မီချီဂန်ပြည်နယ် ယာဉ်မောင်းလိုင်စင်/ပြည်နယ်မှတ်ပုံတင်ကတ် လိပ်စာပြောင်းလဲခြင်းဆိုင်ရာ ညွှန်ကြားချက်များ

### လိုအပ်ချက်များ

**မီချီဂန်ပြည်နယ်တွင် မဲပေးရန်အတွက် အောက်ပါအချက်များနှင့်ကိုက်ညီမှုရှိရမည်**

- မီချီဂန်ပြည်နယ်တွင်နေထိုင်သူ(မဲပေးရန်မှတ်ပုံတင်သည့်အချိန်တွင်)ဖြစ်ပြီး မီချီဂန်ပြည်နယ်ရှိ မြို့(သို့) မြို့နယ်တွင် အနည်းဆုံး ရက်ပေါင်း ၃၀ နေထိုင်ပြီးသူ(မဲပေးချိန်တွင်) ဖြစ်ရမည်။
- အမေရိကန်နိုင်ငံသားဖြစ်ရမည်။
- အနည်းဆုံး ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။(မဲပေးချိန်တွင်)
- အကျဉ်းထောင်(သို့)အကျဉ်းစခန်းတွင် လက်ရှိ ပြစ်ဒဏ်ကျခံနေရသူမဖြစ်စေရ။

### စာပို့ရန်အတွက် အိမ်လိပ်စာ

မဲပေးခွင့်အတွက် တစ်နေရာတည်းတွင်သာ မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ အကယ်၍ သင့်အနေဖြင့် နေထိုင်သည့်နေရာ တစ်နေရာထက် ပို၍ရှိပါက လက်ရှိနေထိုင်ရာနေရာ သို့မဟုတ် ပြန်ရန်ရည်ရွယ်သည့်နေရာ တွင် မဲပေးခွင့်အတွက် မှတ်ပုံတင်ခြင်းကိုပြုလုပ်နိုင်ပါသည်။ ဥပမာအားဖြင့် ကောလိပ် တက်ရောက်နေသည့် ကျောင်းသားများအနေဖြင့် မိမိတို့နေထိုင်ရာ ဇာတိမြို့ (သို့) ကျောင်းခွဲရှိသည့်နေရာ၏ လိပ်စာဖြင့် မှတ်ပုံတင်နိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် ယာယီဆေးကုသမှု ခံယူနေရသည့် ဘိုးဘွားရိပ်သာတွင် နေထိုင်သူများအနေဖြင့် မိမိတို့၏အိမ်လိပ်စာ သို့မဟုတ် ဆေးရုံ၏ လိပ်စာဖြင့် မှတ်ပုံတင်ခြင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။

သင့်အနေဖြင့် မဲပေးခွင့်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ပို့စာလက်ခံရာတွင် သင်၏ ယာဉ်မောင်းလိုင်စင်/ပြည်နယ်မှတ်ပုံတင်ကတ်ပြားပေါ်တွင် ဖော်ပြထား သော အိမ်လိပ်စာမဟုတ်ဘဲ အခြားလိပ်စာတစ်ခုခု(ဥပမာ ။ စာတိုက်သေတ္တာ) ဖြင့် လက်ခံလိုပါက လျှောက်လွှာပုံစံတွင် လိပ်စာရေးရန် သတ်မှတ်ထားသည့် နေရာတွင် ၎င်းအခြားလိပ်စာကို ဖော်ပြနိုင်သည်။ ၎င်းအခြားလိပ်စာသည် သင်၏ မဲဆန္ဒရှင်၏အချက်အလက်ကတ်ပြား(သို့) ယာဉ်မောင်းလိုင်စင် /ပြည်နယ် မှတ်ပုံတင်ကတ်ပြားပေါ်တွင် ဖော်ပြခံရမည်မဟုတ်ပါ။

### ပြစ်မှုထင်ရှားခြင်းနှင့် မဲပေးခွင့်မှတ်ပုံတင်ခြင်း

သင့်အနေဖြင့် ယခင်က ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်စီရင်ခံရခဲ့ပြီး အကျဉ်းစခန်း (သို့)အကျဉ်းထောင်မှ လွတ်ခါနီးဆဲဆဲအချိန်ဖြစ်ပါက မဲပေးခွင့်အတွက် မှတ်ပုံတင်ခြင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။ အကျဉ်းစခန်းတွင်ရှိနေပြီး ပြစ်ဒဏ် စီရင်မှုကို စောင့်ဆိုင်းနေဆဲဖြစ်ပါကလည်း သင့်အနေဖြင့် မဲပေးခွင့် မှတ်ပုံတင် နိုင်မည်ဖြစ်ပါသည်။ သင့်အနေဖြင့် လက်ရှိတွင် အကျဉ်းစခန်း(သို့) အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပါက မဲပေးခွင့်အတွက် မှတ်ပုံတင်နိုင်မည်မဟုတ်သလို၊ မဲပေးခွင့်လည်းရရှိနိုင်မည်မဟုတ်ပါ။

### သင်နေထိုင်ရာ မြို့ (သို့) မြို့နယ် ရွေးကောက်ပွဲအမှုထမ်းစာရေးထံသို့ ပေးပို့ခြင်း

ပြည့်စုံစွာဖြည့်သွင်းထားသည့် ဤလျှောက်လွှာကို သင်နေထိုင်ရာ မြို့ (သို့) မြို့နယ် ရွေးကောက်ပွဲအမှုထမ်းစာရေးထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ တိုက်ရိုက်ပေးပို့ပါ။ သင်နေထိုင်ရာ မြို့ (သို့) မြို့နယ် ရွေးကောက်ပွဲအမှုထမ်း စာရေး၏ လိပ်စာကို Michigan.gov/Vote တွင် ရှာဖွေနိုင်ပါသည်။

### စာပို့၍ မှတ်ပုံတင်ခြင်း - ပထမဆုံးအကြိမ်မဲပေးသူများအတွက်အရေးကြီးလိုအပ်ချက်များ

**သင်က မီချီဂန်ပြည်နယ်မှာ ပထမဆုံးအကြိမ်မဲပေးမယ့်သူလား?**

သင်သည် မီချီဂန်ပြည်နယ်တွင် ယခင်ကတခါမှမဲမပေးခဲ့ဖူးသူဖြစ်ပြီး ဤ ပုံစံစာရွက်ကို စာတိုက်မှသော်လည်းကောင်း မဲပေးခွင့်မှတ်ပုံတင်ရန်လှုံ့ဆော်ကူညီပေးသည့်အဖွဲ့မှ တဆင့်လည်းကောင်း ပေးပို့တင်သွင်းပါက သင့်အနေဖြင့် အောက်ပါဖော်ပြထားသော ပြည်ထောင်စု သက်သေခံအထောက်အထား လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည် ဖြစ်ပါသည်။

### ပြည်ထောင်စု လိုအပ်ချက် - ထုတ်ပေးထားသော သက်သေခံအထောက်အထားများ

**ပြည်ထောင်စု လိုအပ်ချက် - သက်သေခံအထောက်အထား ပြသခြင်း**

မှတ်ပုံတင်ခြင်းဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိစေရန်
သင့်အနေဖြင့်..

(၁) မီချီဂန်ပြည်နယ်မှထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင်နံပါတ်(သို့) မီချီဂန်ပြည်နယ်မှထုတ်ပေးထားသော မှတ်ပုံတင်ကတ်ပြားနံပါတ် ကို ဤ ပုံစံစာရွက်တွင်ထည့်သွင်းရန်ဖော်ပြထားသောနေရာ၌ ထည့်သွင်းပါ။

(သို့)

(၂) အကယ်၍ သင့်တွင် မီချီဂန်ပြည်နယ်မှထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင်နံပါတ်(သို့) မီချီဂန်ပြည်နယ်မှထုတ်ပေးထားသော မှတ်ပုံတင်ကတ်ပြားမရှိပါက သင့် လူမှုဖူလုံရေးကတ်၏ နောက်ဆုံးနံပါတ် ၄ လုံးကို ထည့်သွင်းပါ။

(သို့)

(၃) ဤ လျှောက်လွှာပုံစံကို သင်နေထိုင်ရာ ခရိုင်၊ မြို့ (သို့) မြို့နယ် ရွေးကောက်ပွဲအမှုထမ်းစာရေးထံ စာတိုက်မှပေးပို့သည့်အခါ အောက်ဖော်ပြပါ သက်သေခံအထောက်အထားများထဲမှတစ်ခုကိုပါ ပူးတွဲပေးပို့ပါရန်။

- မကြာသေးခင်က ရိုက်ကူးထားသည့်ထင်ရှားသည့် ဓါတ်ပုံပါသက်သေခံအထောက်အထားတစ်ခုခု (ယာဉ်မောင်းလိုင်စင်(သို့) ပြည်နယ်မှတ်ပုံတင်ကတ်ပြား မိတ္တူ(မည်သည့်ပြည်နယ်မှမဆို)၊ သို့မဟုတ် လစာပေးစာရင်းစာရွက်၊ ရေခွန်၊ လစဉ်အသုံးစရိတ်ကောက်ခံမှုဖြတ်ပိုင်း(ရေခ၊ မီးခ၊ ဓါတ်ငွေ့အသုံးပြုခ)၊ ဘဏ်စာရင်းရှင်းတမ်းစာရွက်၊ သို့မဟုတ် သင့်အမည်နှင့်လိပ်စာဖော်ပြပါရှိသော အစိုးရစာရွက်စာတမ်းတစ်ခုခု။

*****စာတိုက်မှပေးပို့ရာတွင် မူရင်းသက်သေခံအထောက်အထားစာရွက်စာတမ်းများကို မပို့ပါနှင့်*****

အကယ်၍ ဤလိုအပ်ချက်သည် သင်နှင့်သက်ဆိုင်ပြီး၊ သင့်အနေဖြင့် အထက်တွင်ဖော်ပြထားသည့် သက်သေခံအထောက်အထားအချက်အလက်များ ထည့်သွင်းမပေးပို့ပါက၊ ပထမဦးဆုံးအကြိမ်အဖြစ် သင်ပါဝင်မဲပေးလိုသည့် ရွေးကောက်ပွဲမတိုင်ခင်အချိန်တွင် လက်ခံနိုင်ဖွယ်ရှိသော သက်သေခံ အထောက် အထားပုံစံတစ်ခုခုကို ပေးရမည်ဖြစ်သည်။

မှတ်ချက် ။ အကယ်၍သင်သည်..
(၁) ဤလျှောက်လွှာပုံစံကို သင်နေထိုင်ရာ ခရိုင်၊ မြို့ (သို့) မြို့နယ် ရွေးကောက်ပွဲအမှုထမ်းစာရေးရုံးသို့ စာတိုက်မှတဆင့်မဟုတ်ဘဲ လူကိုယ်တိုင်လက်ဝယ်သွားရောက်ပေးပို့လျှင်ဖြစ်စေ (သို့မဟုတ်) မဲပေးခွင့် မှတ်ပုံ တင်ရန်လှုံ့ဆော်ကူညီရေးအဖွဲ့မှတဆင့် ပေးပို့လျှင်ဖြစ်စေ။ (၂) သင်သည် မသန်စွမ်းတစ်ဦးဖြစ်နေလျှင် ဖြစ်စေ။ (၃) သင်သည် အမေရိကန်ပြည်ထောင်စု၏ Uniformed and Overseas Citizens Absentee Voting Act နှင့် ကိုက်ညီသော အရည်အချင်းပြည့်ဝသူဖြစ်လျှင် သက်သေခံအထောက်အထား လိုအပ်ချက် များနှင့် သက်ဆိုင်ခြင်းမရှိပါ။

**သင့်ရဲ့ မဲပေးခွင့်မှတ်ပုံတင်ခြင်းအခြေအနေကို လေ့လာစုံစမ်းပါ။ သင့် မြို့/မြို့နယ် ရွေးကောက်ပွဲအမှုထမ်းစာရေးကိုရှာဖွေပါ။ သင်မဲပေးရမည့် မဲရုံ၏တည်နေရာကို Michigan.gov/Vote တွင် ကြည့်ပါ။**

## ညွှန်ကြားချက်များ

သင့်တွင် မီချီဂန်ပြည်နယ်မှ ယာဉ်မောင်းလိုင်စင်ရှိပါက (သို့မဟုတ်) ပြည်နယ်မှတ်ပုံတင်ကတ်ရှိပါက၊ သင့်အနေဖြင့် မဲပေးခွင့်မှတ်ပုံတင်ခြင်းကို Online မှ ပြုလုပ်နိုင်ပါသည်။ Michigan.gov/Vote တွင် လုပ်ဆောင်ချက်ကို စတင်ပါ။

မဲပေးခွင့်မှတ်ပုံတင်ရန်(သို့) မှတ်ပုံတင်အချက်အလက်များကို Update ပြုလုပ်ရန် ဤ ပုံစံကို ပြည့်စုံအောင်ဖြည့်သွင်းပါ။¹

1. အချက်အလက်များကို မင်အပြာ(သို့) အနက်သုံးပြီး ရှင်းလင်းစွာ ဖြည့်စွက် ပါ။
2. ပုံစံကိုလက်မှတ်ထိုးပါ။
3. ပုံစံကို သင့်မြို့(သို့)မြို့နယ် ရွေးကောက်ပွဲ အမှုထမ်းစာရေးထံ စာတိုက်မှ(သို့) လူကိုယ်တိုင်ပို့ပါ။

သင့် မြို့/မြို့နယ်ရှိ ရွေးကောက်ပွဲအမှုထမ်း စာရေးကို ရှာဖွေရန်နှင့် ပိုမိုသိရှိလိုသော သတင်းအချက် အလက်များအတွက် Michigan.gov/Vote တွင် ရှာဖွေကြည့်ရှုပါ။

ပေးထားသော ဖုန်းနံပါတ်/အီးမေးလ် များကို ရွေးကောက်ပွဲရည်ရွက်ချက်များအတွက်သာ အသုံးပြုမည်ဖြစ်သည်။

¹ **နာမည်အပြောင်းအလဲများကို SOS ရုံးခွဲတွင် အပြီးအစီးပြုလုပ်ရမည်။**

အကယ်၍ သင်သည် ဤပုံစံကို မဲပေးခွင့် မှတ်ပုံတင်ရန်လှုံ့ဆော်ကူညီသည့်အဖွဲ့ မှတဆင့် ပို့ဆောင်ခြင်း(သို့) ခရိုင်စာရေးထံ(သို့) နိုင်ငံခြားရေး ဝန်ကြီးဌာနရုံးသို့ ကိုယ်တိုင်ပို့ဆောင်ပါက ရွေးကောက်ပွဲနေ့မတိုင်ခင် ၁၅ ရက် ကြိုတင်၍ ပေးပို့ရမည်။ စာတိုက်မှတဆင့်ပေးပို့ပါက ရွေးကောက်ပွဲမတိုင်ခင် အနည်းဆုံး ၁၅ ရက်ကြိုတင်၍ စာပို့အမှတ်အသားဖြင့် ပေးပို့ရမည်။

**သင့်အနေဖြင့်မည်သည့်အချိန်တွင်မဆို ရွေးကောက်ပွဲနေ့အထိ နေထိုင်ကြောင်းအတည်ပြုချက်နှင့်အတူ သင့် မြို့(သို့)မြို့နယ်ရွေးကောက်ပွဲအမှုထမ်းစာရေးရုံးသို့ သွားရောက်၍ မှတ်ပုံတင်နိုင်သည်။**

သင့်တွင် မီချီဂန်ပြည်နယ် ယာဉ်မောင်းလိုင်စင်(DL) သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ကတ်(ID) တစ်ခုခုရှိပါက သင့်အနေဖြင့် မဲပေးခွင့်မှတ်ပုံတင်ရန်အတွက် DL/ID တစ်ခုခုမှ လိပ်စာတစ်ခုတည်းသာအသုံးပြုရမည်။

ဤပုံစံတွင်ဖြည့်စွက်သည့်လိပ်စာအတိုင်း သင့် DL/ID ၏ လိပ်စာကိုလည်းပြောင်းလဲလိမ့်မည်ဖြစ်သည်။ သင့် DL/ID ပေါ်တွင်ကပ်ရန် လိပ်စာအသစ်ပါသော စတစ်ကာကို သင့်ထံ စာတိုက်မှပေးပို့လိမ့်မည်။

သင့်အနေဖြင့် မီချီဂန်ပြည်နယ်တွင် လူကိုယ်တိုင် တခါမှမဲမပေးဖူးပါက ဤပုံစံကို စာတိုက်မှတဆင့် ဖြစ်စေ မဲပေးခွင့်မှတ်ပုံတင်ရန် လှုံ့ဆော်ကူညီရေး အဖွဲ့ မှတဆင့် ပေးပို့ပါ။ ညွှန်ကြားချက်များကို စာမျက်နှာ ၁ တွင် ကြည့်ရှုပါ။ သင့်အနေဖြင့် နောက်ထပ် သက်သေခံ အထောက်အထားပြရန်လိုအပ်ပါသည်။

**အခြားညွှန်ကြားချက်များကို စာမျက်နှာ ၁ တွင် တွေ့နိုင်ပါသည်။**

# မီချီဂန်ပြည်နယ် မဲပေးခွင့်မှတ်ပုံတင်လျှောက်ထားလွှာ နှင့်

မီချီဂန်ပြည်နယ် ယာဉ်မောင်းလိုင်စင်/ပြည်နယ်မှတ်ပုံတင်ကတ် လိပ်စာပြောင်းလဲခြင်းပုံစံ

## လိုအပ်ချက်များ

○ yes ○ no ကျွန်ုပ်သည်အမေရိကန်နိုင်ငံသားဖြစ်ပါသည်။

○ yes ○ no ကျွန်ုပ်သည် အနည်းဆုံး ၁၇ နှစ်ခွဲပြည့်ပြီး၊ ၁၈ နှစ်ပြည့်ပြီးနောက်တွင် မဲပေးပါမည်။

**! သင်သည်အမေရိကန်နိုင်ငံသားမဟုတ်လျှင် ဤပုံစံကိုဖြည့်စွက်ရန်မလိုပါ။**

## မီချီဂန်ပြည်နယ်မှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်/မီချီဂန်ပြည်နယ်မှထုတ်ပေးသော မှတ်ပုံတင်ကတ်

☐-☐☐☐-☐☐☐-☐☐☐-☐☐☐

**သင့်တွင် မီချီဂန်ပြည်နယ်မှထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင်နံပါတ်(သို့) မှတ်ပုံတင်ကတ်ပြားမရှိပါက သင့် လူမှုဖူလုံရေးကတ်၏နောက်ဆုံးနံပါတ် ၄ လုံးကို ထည့်သွင်းပါ။**

**XXX — XX —** ☐☐☐☐

☐ **ကျွန်ုပ်တွင် မီချီဂန်ပြည်နယ် တရားဝင်ယာဉ်မောင်းလိုင်စင်(သို့)မီချီဂန်ပြည်နယ်မှထုတ်ပေးသော မှတ်ပုံတင်ကတ်မရှိပါ။ ထို့အပြင် လူမှုဖူလုံရေးကတ်နံပါတ်လည်းမရှိပါ။**

## ကိုယ်ရေးအချက်အလက် *လိုအပ်သောအချက်အလက်များ

last name* first* middle suffix

☐☐-☐☐-☐☐☐☐ ○ male ☐ female

date of birth*

apt/lot no.

သင်နေထိုင်သည့်လိပ်စာ - အိမ်နံပါတ် နှင့် လမ်းအမည်* **MI**

city* zip

( )

phone email

စာပို့ရန်လိပ်စာ (သင်နေထိုင်သည့်နေရာနှင့်ကွဲလွဲမှုရှိလျှင်) city state zip

အမြဲတမ်းကြိုတင်မဲဆန္ဒရှင်လျှောက်လွှာ စာရင်းတွင်ပါဝင်ရန်ဖြည့်ပါ။

☐ **အနာဂတ်ရွေးကောက်ပွဲများအားလုံးတွင် ကြိုတင်မဲပေးချင်ပါသည်။ ရွေးကောက်ပွဲတိုင်းအတွက် လျှောက်လွှာပုံစံကို အလိုအလျောက်ပို့ပေးပါ။**

## လက်မှတ်

**ကျွန်ုပ်အတည်ပြုပါသည်။**

- ကျွန်ုပ်သည်အမေရိကန်နိုင်ငံသားဖြစ်ပါသည်။
- ကျွန်ုပ်သည် မီချီဂန်ပြည်နယ်တွင် နေထိုင်သူဖြစ်ပြီး ကျွန်ုပ်နေထိုင်ရာ မြို့(သို့)မြို့နယ်တွင် အနည်းဆုံး ရက်ပေါင်း ၃၀ နေထိုင်ပြီးနောက် မဲပေးပါမည်။
- ကျွန်ုပ်သည် အနည်းဆုံး ၁၇ နှစ်ခွဲ ပြည့်ပြီးသူတစ်ယောက်ဖြစ်ကာ၊ အသက် ၁၈ နှစ်ပြည့်ပြီးမှသာ မဲပေးပါမည်။
- ယခင်မှတ်ပုံတင်ခြင်းများကို ဖျက်သိမ်းရန် ကျွန်ုပ်အနေဖြင့်ခွင့်ပြုပါသည်။

The information I have provided is true to the best of my knowledge under penalty of perjury. If I have provided false information, I may be subject to a fine or imprisonment or both under federal or state laws.

**X**

signature date